# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
## ၂၇ ရက်မြောက်နေ့ အစီအစဉ်
## [ ၁၆–၃–၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ဒီမိုကရေစီနှင့် အညီ မသန်မစွမ်းသူများ၊ အသက်(၆၅)နှစ်ကျော် သက်ကြီးရွယ်အိုများကို လူမှုရေးထောက်ပံ့ကြေးများ တစ်လလျှင် သုံးသောင်း ကျပ်နှုန်းဖြင့် နိုင်ငံတကာ NGO/ INGO တို့နှင့် ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့် ပတ်သက်၍ မိုးပွင့်စီမံချက် ချမှတ်ကာ မိုးပွင့်အဆင့်(၁)မှ (၇)အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် မည်ကဲ့သို့ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **မြို့နယ်အသီးသီးတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ် မရှိသူများအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဦးညဏ်ဆွေဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်၏ တင်သွင်း၊ ဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့သော **"တည်ဆဲနိုင်ငံရေးပင်စင် ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက် ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးမှ ပြန်ကြားလာမှုအပေါ် ရှင်းလင်းတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။